

## ၁၉၃။ အရမ်းမစွပ်စွဲပါနဲ့

မော်စကိုနိုင်ငံတကာစာတိုက်သို့ လူကြီးတစ်ယောက် ရောက်လာသည်။ ပါဆယ်ပို့ရန် ဖြစ်သည်။ အခန်းထဲတွင် လူတစ်ယောက်မှ မရှိချေ။ ပါဆက်လက်ခံသူ စာတိုက်ဝန်ထမ်းအမျိုးသမီး သတင်းစာ ထိုင်ဖတ်နေသည်။ အမျိုးသမီးကို လူကြီးက ပြောသည်။

"ဒီမှာ ခင်ဗျာ၊ ကျွန်တော် . . ."

"တန်းစီပါ"

ထိုသို့ပြောပြီး အမျိုးသမီးသတင်းစာ ဆက်ဖတ်သည်။

"ဒါပေမယ့် ခန်းမထဲမှာ . . ."

"ကျွန်မ ရှင့်ကို ရှင်းရှင်းလေး ပြောတယ်။ တန်းစီပါလို့"

ထိုသို့ပြောပြီး သတင်းစာကို ဆက်ဖတ်သည်။ လူကြီး စိတ်တိုလာသည်။ သို့နှင့် အမျိုးသမီး၏မျက်နှာကို တံတွေးနှင့် ထွေးလိုက်သည်။ ဆတ်ကနဲ နေရာကထပြီး အမျိုးသမီး ဒေါသထွက်စွာ ပြောသည်။

"ရှင် တော်ကားလှချည်လား။ ကျွန်မ အခု ရဲကို ခေါ်လိုက်မယ်"

"ကျွန်တော်လို့ ခင်ဗျား ဘာဖြစ်လို့ ထင်ရတာလဲ၊ ကြည့်ပါလား လူတွေ အများကြီးဥစ္စာ"

☺ ☺ ☺